# အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အချက်အလက်များ။ မြန်မာနိုင်ငံ

## သမိုင်းနောက်ခံ

တောင်တန်း၊ ပြည်မ အတူတကွ လွတ်လပ်ရေးယူရန် ကြိုးပမ်းသည့် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံအပြီး ၁၉ ၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ မြန်မာနိုင်ငံလွတ်ရေးရရှိ ခဲ့သည်။ ကချင်၊ ရှမ်းနှင့် ချင်းခေါင်းဆောင်များနှင့်အတူ ဖက်ဒရယ် ပြည်ထောင်စု မြန်နိုင်ငံအတွင်း တိုင်းရင်းသားများအကြား တန်းတူညီမျှမှုရှိရန် ပင်လုံသဘောတူညီချက်ဖြင့် ကတိပြုခဲ့ကြသည်။

ပင်လုံသဘောတူညီချက် သဘောတူညီချက်၊ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူညီမျှမှုတို့ကို တောင်းဆိုနေသော်လည်း များမကြာမီမှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့်အစိုးရတပ်များအကြား လက်နက်ကိုင်တိုက်ပွဲများ စတင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းခဲ့ပြီး ပြည်တွင်းစစ်ကို ပိုမိုတောက်လောင်စေကာ နိုင်ငံရေးအရသဘောထားကွဲသူများ၊ စာနယ်ဇင်း သမားများ၊ လူ့အခွင့်အရေးသမားများနှင့် အ စိုးရအပေါ် ဝေဖန်သူများဟုသံသယရှိသူများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးနှိပ်ကွပ်မှုများ ပြုလုပ်ခဲ့သည်။

စစ်အာဏာရှင်အဆက်ဆက် အုပ်ချုပ်ခဲ့ရာတွင် အတိုက်အခံလှုပ်ရှားမှုများနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုများအပေါ် ဖြိုခွင်းခဲ့သည်။ ၂၀၁၁ ခုနှစ် တွင် စစ်တပိုင်းအစိုးရ တက်လာပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်စတင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ၈ ဖွဲ့က တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုလက်မှတ်ရေးထိုးခဲ့သည်။

လွတ်လပ်၍တရားမျှတမှုရှိ သည့် ၂၀၁၅ ရွေးကောက်ပွဲဖြင့် တိုင်းပြည်တွင် ပထမဦးဆုံးအကြိမ် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံရသည့် အရပ်သားအစိုးရတရပ် ပေါ်ပေါက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပေါ် မျှော်လင့်ချက်ကြီးကြီးထားခဲ့ကြသော်လည်း ၎င်းတို့အနေဖြင့်မူ စစ်တပ်မှ အခြေခံဥပဒေအရ အသာစီးရနေမှု၊ ဖိနှိပ်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် ခြစားသည့် တရားစီရင်ရေးစနစ်နှင့် စစ်တပ်က တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်နေသော်လည်း အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုတို့ အပါအဝင် နက်ရှိုင်းစွာအမြစ် တွယ်နေသည့် စိန်ခေါ်မှုများကိုသာအမွေဆက်ခံနေရသည်။ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ တိုင်းရင်းသားများအပေါ် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည်။ အကူအညီပေး မှုများအပေါ် စစ်တပ်မှ ပိတ်ဆို့ထားမှုကြောင့် အများစုမှာ စားနပ်ရိက္ခာ ပြတ်လတ်မှုနှင့် ကြုံတွေ့နေရသည်။ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ယခုအခါ နိုင်ငံတကာမှ အာရုံစိုက်မှု အများဆုံးရှိ နေသော်လည်း ရိုဟင်ဂျာများအပေါ် စနစ်တကျ အကြီး အကျယ်ကျူးလွန်မှုများသာဖြစ်သည်။

အရပ်ဖက်အဖွဲ့ အစည်းများက ညှဥ်းပန်းနှိပ်စက်ခံရသူများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ များနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက် မှုများကြောင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့ရသူများအတွက်ဆောင်ရွက်ပေးနေကြသည်။ နာတာရှည် ရုပ်ပိုင်းဆိုင်ရာဒဏ်ရာ၊ အနာတရများ စိုးရိမ်ပူပန်ကြောင့်ကြများနေသည့် စိတ်ပိုင်းဆိုင်ရာဒဏ်ရာအနာတရရရှိ ထားသူများ၊ အိပ်ပျော်ရန်ခက်ခဲသူများ၊ အရက်ရခြင်း၊ အပြစ်ရှိခြင်း၊ စိတ်ကျရောဂါနှင့် အထီးကျန်နေသူတို့ ပါဝင်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ လူမှုရေးအရ ဖယ်ကြဉ်ခံထားခံနေရပြီး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများမှာလည်း ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြောဆိုခြင်းများကို ခံနေရသည်။ အသက်မွေးဝမ်းကျောင်းများ ဖျက်ဆီးခံရသူများမှာလည်း စီးပွားရေး အခွင့်အလမ်းနည်းပါးသည့်နိုင်ငံတွင် ဆိုးရွားသည့် ငွေကြေးကြပ်တည်းမှုကို ကြုံတွေ့ကြရသည်။ အသက်ရှင်ကျန်ရစ်သူများ မှာ ကျန်းမာရေးနှင့် စောင့်ရှောက်ကုသမှု၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု၊ ဥပဒေအရေ အထောက်အကူပေးမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီမှု နည်းပါးသည်။

# အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ

မြန်မာနိုင်ငံတွင် အဓိပ္ပါယ်ရှိသည့် အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ ယန္တယားများမရှိသေးပေ အသွင်ကူးပြောင်းရေးကာလတရားမျှတမှုနှင့် တရားစီရင်ရေးအရ တရားမျှတမှုအပေါ် ရှုပ်ထွေးပြင်းခုန်နေကြသည်။ ထို့ကြောင့်အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုသည်မှာ တရားစွဲဆိုအပြစ်ပေးခြင်းနှင့် ပြစ်မှုကျူးလွန်သူများအပေါ်သာ လုပ်ဆောင်ခြင်း မဟုတ်ကြောင်း အထူးဦးစားပေးရန် အရေးကြီးသည်။ တရားမျှတမှုဆိုသည်မှာ နစ်နာခဲ့သူများအား ပြန်လည်ကုစားပေးလျော်နိုင်ရန် ဖန်တီးပေးခြင်း၊ အကြီးအကျယ်ချိုးဖောက်ခဲ့သည်ဆိုသည့် အမှန်တရားအပေါ် အသိအမှတ်ပြုခြင်းနှင့် ဝန်ခံခြင်းလည်း ပါဝင်သကဲ့သို့ နောက်တကြိမ်ထပ်မံမဖြစ်ပွားစေရန်အာမခံသည့် တရားရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတို့လည်း ပါဝင်သည်။

မြန်မာ့ဒီမိုကရေစီရေး အသွင်ကူးပြောင်းမှုနှင့်အတူ ပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တရားမျှတရေးတို့အတွက် အခွင့်အလန်းသစ်များနှင့် မျှော်လင့်ချက်များ ရောက်ရှိခဲ့သော်လည်း နှစ်အနည်းငယ်အတွင်းမှာပင် မူလအခြေအနေသို့ ပြန်ရောက်သွားပြီး မျှော်လင့်ချက်များ မှေးမှိန်သွားသည်။

# အမှန်တရား

အမှန်တရားထုတ်ဖော်ပြောဆိုမှုများနှင့် လူ့အခွင့်အရေးမှတ်တမ်းတင်မှုများကို အရပ်ဖက်အဖွဲ့အစည်းများကနစ်နာသူများ၊ ၎င်းတို့၏မိသားစုများနှင့် ဒေသတွင်း ဩဇာတိက္ကမရှိသည့် ဘာသာရေးအဖွဲ့ များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma) နှင့် အဖွဲ့ဝင်များသည်စနစ်တကျ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အမှန်တရားထုတ်ဖော်ပွဲလေးများကို ၂၀၀၄ ခုနှစ်မှစတင်ဆောင်ရွက်ကြသည်။

၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းပေးခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သည့် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (IIFFM) က ၂၀၁၈ ခုနှစ် ဩဂုတ် လတွင် ၎င်းတို့တွေ့ရှိချက်အစီရင်ခံစာကိုထုတ်ပြန်ခဲ့သည်။ FFM ၏ တွေ့ရှိ ချက်များအရ မြန်မာ့ တပ်မတော်နှင့် အခြားသော လက်နက်ကိုင်အဖွဲ့ များက ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် အကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကြမ်းဖက်မှုကျူးလွန်သည့်ပုံစံများသည် "နိုင် ငံတကာဥပဒေအရ အဆိုးရွားဆုံးပြစ်မှုများအဖြစ် မုချကျူးလွန်သည့် ပမာဏဖြစ်ကြောင်း" ထုတ်ပြန်သည်။ FFM ကမြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲ ပြောင်းရမည် (သို့မဟုတ်) ယာယီ နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံးကို ဖွဲ့စည်းဆောင်ရွက်ရမည်ဟု တောင်းဆိုထားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် တပ်မတော်ထိပ်တန်းခေါင်းဆောင်များကို စုံစမ်းစစ်ဆေးခြင်းနှင့် ရခိုင်ပြည်နယ်မြောက် ပိုင်းတွင်ကျူးလွန်သည့် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ကျူး လွန်သည့် လူသားဖြစ်တည်မှုကိုဆန့်ကျင်သည့်ပြစ်မှု။ စစ်ရာဇဝတ်မှုတို့အတွက် စုံစမ်းစစ်ဆေး၊ တရားစွဲရမည်ဟုလည်း ဖော်ပြထားသည်။

ကြားကာလတွင် အကြမ်းဖက်မှုကျူးလွန်သည့် သက်သေအထောက်အထားများကို စုဆောင်းခြင်း၊ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲ ခြမ်းစိတ်ဖြာ ဆန်းစစ် ခြင်းတို့ကို ဆောင်ရွက်မည့် လွတ်လပ်၍ ဘက်လိုက်မှုကင်းသည့် ယန္တရားတရပ် ထူထောင်ရန် တောင်းဆိုထားသည်။ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး တာဝန်အရှိဆုံး ပုဂ္ဂိုလ်များအားလည်း ပြစ်ဒဏ်ခတ်အရေးယူရန် အကြံပြုထားသည်။

## တရားမျှတမှု

စစ်တပ်မှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုအများစုကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုမရှိသည့် စစ်ခုံရုံးတွင်သာ စစ်ဆေးကြသည်။ သို့သော်လည်း တာဝန်ယူ၊ တာဝန်ခံမှုသို့ ဦးတည်မှုအနည်းငယ်ကိုတွေ့ရသည်။ ထူးမခြားနားပင် မြန်မာနိုင်ငံရှိ စစ်ခုံရုံးတရားစီရင်ရာတွင် အများပြည်သူရှေ့မှောက်တွင် ဆုံးဖြတ်ချက်မချခြင်းနှင့် နစ်နာသူများ၏ မိသားစုများမှာ တခါတရံတွင် ခွင့်ပြုချက်ဖြင့်သာ တရားစီရင်မှုကို လာရောက်နားထောင်နိုင်ခြင်းဖြစ်သည်။

## ပြန်လည်ကုစားပေးလျော်မှု

အစိုးရထံတွင် ပြန်လည်ကုစားပေးလျော်မှု မူဝါဒမရှိသော်လည်း ပြန်လည်ကုစားပေးလျော်မှုအ လုပ်အဖွဲ့ (RWG) ကို ၂၀၁၅ တွင်ဖွဲ့စည်းပြီး နိုင်ငံတော်မှဦးဆောင်သည့် ပြန်လည်ကုစားပေးလျော်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လာစေရန် စည်းရုံးတိုက်တွန်းမှုများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများနှင့် နစ်နာခဲ့သူအုပ်စုများ၏ ကနဦးဆောင်ရွက်ချက်များ ရှိနေသည်။ မကြာသေးမီကထုတ်ပြန်ခဲ့သည့် "ဥပေက္ခာ မပြုကောင်းသောဘဝများ" အစီရင်ခံစာမှ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တရားမျှတမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှု၊ နစ်နာခဲ့သူများ၏ဘဝပြန်လည်တည်ဆောက်ရေးအတွက် အကူအညီပေးရန်နှင့် နောက်တကြိမ်ပြန်လည်မဖြစ်ပွားစေရန်အတွက် အာမခံချက်များပါဝင်သည့် အကြံပြုချက်များဖော်ပြထားသည်။

RWG အဖွဲ့၏ လုပ်ငန်းများအပြင် ပြန်လည်ကုစားပေးလျော်မှုကို ကချင်စစ်ပွဲများတကျော့ပြန် ဖြစ်ပွားခြင်းအတွက်စစ်၏ အနိဋ္ဌာရုံများကို ဖော်ပြသည့် အခမ်းအနားပုံစံမျိုးဖြင့်လည်း ဖော်ထုတ်ခြင်းနှင့် ၂၀၁၅ ခုနှစ်တွင် အဓမ္မပြုကျင့် သတ်ဖြတ်ခံရသည့် ကချင်ဆရာမလေး ၂ဦး အတွက် အမှတ်တရနေ့မျိုးကျင်းပကြသည်။ ကျောင်းသားမျိုးဆက်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ၈၈ မျိုးဆက်ငြိမ်းချမ်းနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းက တာဝန်ယူ ဖွင့်လှစ်ထားသည့် ၁၉၈၈ အထိမ်းအမှတ် ပြတိုက်သည် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့က စတင်ခဲ့သည့် နိုင်ငံနှင့်အဝှန်းတပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ နိုင်ငံတဝှန်း ဆက်တိုက်ဖြစ်ပွားခြင်းနှင့် လူထုအတွင်းမငြိမ်မသက်ဖြစ်စေရန် အစိုးရ၏ ဖန်တီးမှုများကို ပြန်ပြောင်း အမှတ်ရစေရန်ဖွင့်လှစ်ထားသည်။ ဒီမိုကရေစီလှုပ်ရှားသူများကရှမ်းပြည် တောင်ကြီးမြို့တွင်လည်း ၈၈၈၈ အထိမ်း အမှတ်ကျောက်တိုင်ကို ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသား ဟောင်းများကလည်း ပဲခူးမြို့တွင် ၈၈၈၈ ကျောက်တိုင်ကို ၈၈၈၈ အနှစ် (၃၀) မြောက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

## အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် သက်ဆိုင်ပြီး ထင်ရှားသည့် မူဝါဒများ မရှိသေးပေ။ စစ်တပ်မှတိုင်းရင်းသားများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများလည်း ဆက်ရှိနေသည်။

ajar asia justice and rights

Network for Human Rights Documentation - Burma
ND - Burma

TRANSITIONAL JUSTICE ASIA NETWORK